# တမန်တော်၏ ဆွန္နတ်တော် စစ်စစ်ကို လိုက်ကြလော့။

၂၀၀၉ ခု နိုဝင်ဘာ ၆ ရက်

ကရုဏာရှင်၊ အကြင်နာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်၏ နာမတော်အားဖြင့်–

ဒီတစ်ပါတ် islammyanmar.com အွန်လိုင်း ခွတ်ဟ်ဘာခေါ် အပတ်စဉ် ဗဟုသုတ ဖလှယ်ခြင်း ကဏ္ဍမှာ ကျွန်တော့အနေနဲ့ တမန်တော်၏ ဆွန္နတ်တော်စစ်စစ်ကို လိုက်နာကြလော့– ဆိုတဲ့ ခေါင်းစဉ်နဲ့ တင်ပြလိုပါတယ်။

ဒီခေါင်းစဉ်ဟာ ကျွန်တော့ရဲ့ ခရီးသွား အတွေ့အကြုံနဲ့၊ ကိုယ်တိုင်နှလုံးလိုက်လဲ တွေ့ကြုံခံစားခဲ့ရတဲ့ ခံစားရမှုပီတိ ဖြစ်ပေါ်ရတဲ့ အကြောင်းရင်းတွေကို မိမိကိုယ်မိမိ ပြန်လည် သုံးသပ်မိရင်း ကျမ်းတော်မြတ်ကုရ်အံပါ သွန်သင်ချက်များက– ကျွန်တော့ခေါင်းထဲကို ရောင်ပြန်ဟပ်ထိုးဖေါက်လာကာ– ကျမ်းတော်ကို အံ့ချီးမဆုံး ဖြစ်မိတယ်၊ ကျမ်းတော်ရဲ့ အရှင် အလ္လာဟ်အရှင်ကို အနှိုင်းမဲ့ ချီးမွန်းထောမနာပြုမိတယ်၊ လောက လူသားများ အလို့ငှာ ကျမ်းတော်ကို နတ်မှ မြွက်ဟခွင့်ရခဲ့တဲ့ တမန်တော်မြတ်ကိုယ်တော်မုဟမ္မဒ်ကို အလွန့်အလွန် ကြည်ညိုလေးစားမိပါတယ်။ အဲ့ဒီကမှ အခုတင်ပြမယ့်ခေါင်းစဉ် တစ်ရပ်အနေနဲ့ ကျွန်တော့ အသိထဲကို ဝင်ရောက်လာတာပါ။–

ဒီအကြောင်းအရာတွေကို ကျွန်တော်တွေ့ကြုံခဲ့တဲ့ မိတ်ဆွေတွေ ဆီကိုလည်း စာတစ်စောင်အဖြစ် ရေးခဲ့ပါသေးတယ်။ ဘယ်လိုဖြစ်ဖြစ်– ကျွန်တော့အတွေ့အကြုံကို ပုံကြီးချဲ့လိုခြင်းမဟုတ်ဘဲ– ကျမ်းမြတ်ကုရ်အံကို ဓမ္မမိတ်ဆွေများ ပိုမိုခံစားတတ်စေခြင်းငှာ ဖြစ်စေ၊ ကိုယ်တော်မုဟမ္မဒ်ရဲ့ဘဝကို ပိုမိုမြင်လာတတ်အံ့ငှာဖြစ်စေ ရည်ရွယ်ပြီး ကျွန်တော့ အတွေ့အကြုံနဲ့ ခံစားချက်ကို ပြန်လည်တင်ပြခြင်းဖြစ်ပါတယ်။–

ကျွန်တော့အနေနဲ့ ဘန်ကောက်၊ ကွာလာလမ်ပူ၊ နယူးယောက်၊ ယုတီကာ မြို့များကို ခရီးမထွက်မီက ဝေးကွာပြီး မတူခြားနားတဲ့ နိုင်ငံတွေက ဓမ္မမိတ်ဆွေများကို ဖုံးမှတစ်ဆင့်၊ သို့မဟုတ် အွန်လိုင်းမှ တစ်ဆင့် သိခဲ့သူများ ရှိခဲ့ပါတယ်။– အဲ့ဒီပုဂ္ဂိုလ်များ နဲ့ လူချင်း တစ်ခါတစ်ရံမှ မဆုံဘူးခဲ့ပါ။–

မမြင်ဘူးတဲ့ မိတ်ဆွေဖြစ်စေ၊ မြင်ဘူးတဲ့တဲ့ မိတ်ဆွေဖြစ်စေ– လူသားတွေရဲ့ သဘာဝအတိုင်း အတွေးအခေါ် အယူအဆ လုံးဝဥဿုံ တစ်ထပ်တည်း တူဘို့ဆိုတာ မဖြစ်နိုင်ဘူး မဟုတ်လား၊ ပိုပြီးစဉ်းစားစရာ ဖြစ်တာက– ကျွန်တော်ကိုယ်တိုင်က သူများထက် နည်းနည်း ဖေါက်ထွက်နေတယ်လို့ ထင်ရတဲ့ သုံးသပ်ချက်တွေနဲ့ ဘာသာရေးစကားတွေကို ပြောနေသူဆိုတော့ ကျွန်တော်နဲ့ အယူအဆ တူညီတဲ့သူ–လို့ အလွန့်အလွန် ရှားမှာပါ။

ဒါပေမယ့် ကျွန်တော့ရဲ့ ခရီးစဉ်အတွင်းမှာ အဲ့ဒီ အွန်လိုင်းက တစ်ဆင့် သိခဲ့တဲ့ မိတ်ဆွေတွေနဲ့ တွေ့ကြုံ ဆွေးနွေး ပြောဆိုဆက်ခံလိုက်ရတဲ အခါ– အလွန်တရာ နွေးထွေးတဲ့ ဆက်ဆံမှုတွေနဲ့ ကြိုဆိုခံလိုက်ရပြီး– ညီရင်းအစ်ကို မောင်ရင်းနှမလို ခံစားရင်းနှီးခွင့်ကို ရလိုက်ပါတယ်။ အဲ့ဒီအခါမှာ ကျွန်တော့ခေါင်းထဲမှာ– ကျမ်းမြတ်ကုရ်အာန်က ပြောတဲ့–

အလ္လာဟ်အရှင်၏ ကတိကြိုးအား စွဲကိုင်ကြလော့၊ ညီညွတ်ကြလော့ သွေးမကွဲကြလင့်၊ သင်တို့ချင်း ရန်ဘက်များ ဖြစ်နေရာမှ အရှင်၏ ဂုဏ်ပေးမှုဖြင့် သင်တို့၏ စိတ်နှလုံးအား ညီအစ်ကိုအဖြစ် တိမ်းညွတ်စေသည့်– မီးလျှံ နတ်ခမ်း၌ ရောက်ရှိနေသော သင်တို့အား ကယ်ဆယ်ခဲ့သည့်– အလ္လာဟ်အရှင်၏ ဂုဏ်ပေးမှုကို သတိရလော့၊ သင်တို့အတွက် လမ်းမှန်ရအံ့သောငှာ အလ္လာဟ်အရှင်က ဗျာဒိတ်တော်ကို ဤသို့ ရှင်းလင်းစေ၏၊ (၃း၁၀၃) ပါ အာယတ်တော်ကို သတိရမိပါတယ်။

လူသားတွေဟာ သူ့ဘုရားက မြတ်တယ်၊ ငါ့ဘုရားက တန်ခိုးပိုကြီးတယ်– သူ့ အယူက ပိုမှန်တယ်၊ ငါ့အယူက ပိုကောင်းတယ်– သူ့ဝါဒက ပိုပြီး အကျိုးပြုတယ်–၊ ငါ့ဝါဒက ပိုပြီး ခရီးပေါက် နိုင်တယ်ဆိုတဲ့၊ အယူပြိုင်ပွဲကြီးတွေနဲ့ အချင်းချင်း ဗိုလ်လုရင်း လူသားညီအစ်ကိုချင်း– သွေးမြေကျအောင် တိုက်ခိုက် နေကြတယ်၊ ရန်ဖြစ်နေကြတယ်၊ ပြည်တွင်းစစ်မီး အရှိန်ပြင်းစွာ တောက်လောင်နေကြတယ်။– အဲ့ဒီခေတ်ကာလမှ ကိုယ်တော် မုဟမ္မဒ်ပွင့်ပေါ် လာခဲ့ပြီး– ဘုရားတစ်ဆူဝါဒကို ခိုင်မာစွာ ထု

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ထောင်နိုင်ခဲ့တယ်။ အဲ့ဒီ လူသားအားလုံးရဲ့ ဘုံဘုရားရှင်ဟာ ထင်ယောင်ထင်မှား လူသား အတွေးအခေါ်နဲ့ ဖန်တီးထားတဲ့ လူသားက စိတ်ကူးတွေးဆ ဘုရားမဟုတ်ဘဲ– လူသားအပါအဝင် စကြဝဠာအားလုံးရဲ့ မူလဘူတ ဇစ်မြစ်ဘုရားရှင်ဖြစ်ပြီး– အဲ့ဒီဘုရားရှင်ဆီက ဥဏ်စဉ် (ဝဟီ) ချမှတ်ပေးတဲ့– အသိအတိုင်း ကိုယ်တော်မုဟမ္မဒ်က ချည်တစ်မျှင်– နှမ်းတစ်စေ့မလွဲ ကိုယ်တိုင်လိုက်နာ– ကျင့်သုံးတည်ဆောက်ပြကာ– လူသားတွေကိုလည်း ဘုရားစင်စစ် ဘုရားတစ်ဆူဝါဒရဲ့ မေတ္တာရိပ်ထဲသို့ ဖိတ်ခေါ်နိုင်ခဲ့တယ်။– ဒီလို ဘုရားတစ်ဆူဝါဒအောက်ကို ရောက်လာတော့– သူ့ဘုရား ငါ့ဘုရားဆိုတဲ့ ကွဲလွဲတဲ့ ယုံကြည်ချက်တွေပျောက်ကုန်တယ်၊ သူ့အယူ ငါ့အယူတွေ လွင့်ကုန်တယ်၊ သူ့ဝါဒ ငါ့ဝါဒတွေ မှေးမှိန်ကုန်တယ်၊ သူ့လူမျိုး ငါ့လူမျိုးဆိုတာတွေ တိမ်ကောကုန်တယ်– ပြီးတော့ အလ္လာဟ်အရှင် ချမှတ်ပေးတဲ့ ဗျာဒိတ်လမ်းစဉ်အောက်မှာ ညီရင်းအစ်ကို မောင်ရင်း နှမတွေလို အင်မတန် ချစ်ခင်စွာ သွေးစည်းညီညွတ်ကုန်ကြပါတယ်။–

အခု ကျွန်တော်တို့တွေ တစ်ဦးကို တစ်ဦးချင်ခင် ရင်းနှီးကြတာဟာလည်း– အလ္လာဟ်အရှင် ချမှတ်ပေးတဲ့ လမ်းစဉ်ပေါ်မှာ ရပ်တည်ကြလို့ပဲ– ဆိုတာ– ကျွန်တော့်အနေနဲ့တော့ ဘယ်လိုမှ ငြင်းပယ်လို့ မရနိုင်ပါ။– ဒီလို ဖြစ်ဘို့ဆိုတာ– မူဆလင်ဆိုတဲ့ ခေါင်းစဉ်တူယုံနဲ့ ပြီးလာမှာ မဟုတ်ဘူးလို့– ဆိုချင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့–၊ ကျွန်တော်တို့ မျက်မှောက်မှာပဲ သာဓကစာတွေ အများကြီး ရှိနေပါတယ်။ အချင်းချင်း လုပ်ဖော်ကိုင်ဘက် ရဲဘော်ရဲဘက် အရင်းလို့ ယူဆရသူတွေတောင်– သမိုင်းကြောင်း အမျိုး– သမိုင်းချက်အမျိုးမျိုးကို စွဲမြဲစွာ ကိုင်ဆောင်နေပြီး၊ သူ့တွေ့ရှိချက် သမိုင်းကမှန်တယ်၊ ငါ့တွေ့ရှိချက်သမိုင်းက ပိုပြီး တိကျတယ်ဆိုကာ ရန်ဖြစ်နေကြတာ၊ ဂိုဏ်းကွဲနေကြတာတွေ အများကြီးပါ။–

ဒီနေရာမှာ ကျွန်တော် သုံးသပ်မိတာက– ကုရ်အာန်ကျော်ပြီး၊ သမိုင်းကို ဖက်တွယ်နေရင်၊ သို့မဟုတ် ကုရ်အာန်ကို ကုရ်အာန်နဲ့ အသိတိုးအောင် မလုပ်ဘဲ၊ ကုရ်အာန်ကို သမိုင်းကြောင်းနဲ့ ရောမွှေနေရင်တော့– ထွက်လာတဲ့ အဖြေဟာ မှန်ကန်တိကျဘို့ ဆိုတာ မဖြစ်နိုင်ပါဘူး– ဒါကို ကျမ်းမြတ်ကုရ်အာန်က–

"စေနပင် ဤကုရ်အာန်ကျမ်းတော်သည် အဖြောင့်မတ်ဆုံး လမ်းညွှန်ဖြစ်၍၊ ပြုပြင်ပြောင်းလဲမှု ပြုသော ယုံကြည်သူများ အတွက် သတင်းကောင်း ဖြစ်၏၊ သူတို့အတွက် အကြီးကျယ်ဆုံး အကျိုးဆုသည် ရှိနေ၏။" လို့ (၁၇း၉) မှာ အတိအကျ ဆိုထားပါတယ်။ ဒီလို အလ္လာဟ်အရှင်မြတ် ချမှတ်ပေးထားတဲ့ သီအိုရီမှာ– ၊ ဒါလည်းမှန်တယ်၊ ဒါပေမယ့် ကုရ်အာန်ကျမ်းတော် အပြင် အခြားသော လူ့လက်ရာ သမိုင်းကျမ်းများလည်း မှန်ပါတယ်– လို့၊ ရှေ့နောက် မညီမညွတ် ကွဲလွဲတဲ့ သွန်သင်ချက်မျိုး လုံးဝ မရှိဘူး ဆိုတာကို ကျွန်တော်တို့ ညီအစ်ကိုတွေ သတိထားစေလိုပါတယ်။ ဒါကိုလည်း–

ဤကုရ်အာန်ကျမ်းတော်အား မစီစစ်ကြကုန်သလော၊ အကယ်၍ ၎င်းသည် အလ္လာဟ်အရှင်၏ ထံတော်မှ မဟုတ်ခဲ့လျှင် ယင်း၌ မညီညွတ်မှုပေါင်းများစွာကို တွေ့ကြရကုန်လတ္တံ့၊ လို့ ၄း၈၂ မှာ အတိအကျ ဆိုထားပါတယ်။

ဒီတော့ ကျွန်တော်တို့ အနေနဲ့ စဉ်းစားသင့်တာက– ကိုယ်တော်မုဟမ္မဒ်က နောက်လိုက်တွေက ကိုယ်တော်မုဟမ္မဒ်ဆီက ဘယ်လို အကြောင်းအရာတွေကို တောင်းဆိုခဲ့သလဲ၊ ကိုယ်တော်မုဟမ္မဒ်က ဘယ်လို ဖြေခဲ့သလဲ၊ ကိုယ်တော်ကိုယ်တိုင် ဘယ်လို အရာ၊ ဘယ်လို တရားတွေ၊ ဝါဒတွေကို လိုက်နာခဲ့သလဲ ဆိုတာပဲ ဖြစ်ပါတယ်။

ကိုယ်တော်မုဟမ္မဒ်ဟာ ကျွန်တော်တို့ ယုံကြည်တဲ့ နောက်ဆုံးပွင့် ရစူလ်၊ နဗီ (ဉာဏ်စဉ်ရ) ကိုယ်တော်ဖြစ်တယ်၊ ကျွန်တော်တို့ လူသားအားလုံးရဲ့ စံပြ ခေါင်းဆောင် ဖြစ်တယ်။ ကိုယ်တော် ကျင့်ကြံအားထုတ် နေထိုင်ခဲ့တာတွေဟာ ကိုယ်တော်ရဲ့ ဆွန္နတ်တော် ဖြစ်တယ်။ ကျွန်တော်တို့ဟာ ကိုယ်တော်ကို အမှန်တကယ် ချစ်ခင်မြတ်နိုးစွာ လက်ခံယုံကြည်ရင် ကိုယ်တော်ရဲ့ ဆွန္နတ်တော်အတိုင်း လိုက်နာ နေထိုင်ရမှာ ဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဆွန္နတ်တော်ဆိုတာ ပါယ်ကောင်းတဲ့ အရာ မဟုတ်ဘူးပေါ့။ ဒါဆို ကိုယ်တော်ရဲ့ ဆွန္နတ်က ဘာတွေလဲ–––။

ဒါကို ကျမ်းမြတ်ကုရ်အာန်မှာ–

သူတို့အား အာယတ် (သက်သေလက္ခဏာ)တော် တစ်ရပ် မပေးဆောင်လျှင် "အသင်သည် အဘယ်ကြောင့် မတောင်းဆိုလေသနည်း" ဟု ဆိုကြ၏။ ဟောလော့ "ကျွန်ုပ်သည်ကား ကံကြမ္မာရှင်က ကျွန်ုပ်အား အာရုံစျာန် (ဝဟီ) ပေးသည်ကိုသာ လိုက်နာသူ ဖြစ်၏။ ဤသည် ယုံကြည်သော လူမျိုးတို့အတွက် ကံကြမ္မာရှင်၏ထံမှ မြင်တွေ့နိုင်သည့် လမ်းညွှန် ကရုဏာတော် ဖြစ်၏။" လို့ ၇း၂၀၃ မှာ လို့ဆိုထားပါတယ်။ ဆိုလိုတာက ရှင်းပါတယ်။ ကိုယ်တော်နဲ့ ဆက်ဆံပေါင်းသင်းတဲ့ လူသားတွေ၊ နောက်လိုက် ဒကာတွေက လူသားသဘာဝ– ကိုယ်တော်ဆီမှာ အဆိုအမိန့်တွေ၊ အဆုံးအမတွေ၊ အကြံဉာဏ်တွေ လာတောင်းကြတယ်။ ကိုယ်တော်က သူတို့ကို သွန်သင်စရာ၊ အကြံပေးစရာ ဆိုလို့ အလ္လာဟ်အရှင်ဆီက ကိန်းဝပ်အသိပေးတဲ့ ဝဟီ (ဉာဏ်စဉ်သိ)က လွဲပြီး အခြားသမိုင်းတွေ မရှိဘူး၊ ပုံတိုပတ်စတွေ၊ ဒဏ္ဍာရီတွေ မရှိဘူး၊– ကိုယ်တော့ဆီကို ဉာဏ်စဉ် ကိန်းဝပ်ရင် အဲ့ဒီ ဗျာဒိတ်ဉာဏ်စဉ်ကို ဆင့်ပြန်မယ်၊ သွန်သင်မယ်၊ လက်တွေ့ကျင့်ဆောင်ပြမယ်။ အခြားသော ဘာသမိုင်းကိုမှ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

သွန်သင်နေတာ မရှိဘူး– ဆိုတာပဲ။ ပြီးတော့ ကိုယ်တော်ကိုယ်တိုင်က အခြားသော သမိုင်းတွေကို လူသားများဆီသို့ ဖြန့်ချိခဲ့တာ မဟုတ်ဘူး– ဆိုတာ–

အို ရစူလ်၊ သင့်ကံကြမ္မာရှင်၏ ထံမှ သင့်ထံ၌ ချမှတ်ပေးရာကို ဖြန့်ချိလော့၊ အကယ်၍ မပြုလုပ်ခဲ့လျှင် အရှင်၏ ဥဏ်စဉ်သတင်းကို မဖြန့်ချိသည် မည်၏။ အလ္လာဟ်အရှင် သည် အသင့်အား လူသားအပေါင်းမှ ကာကွယ်တော်မူလတ္တံ့။ ကေန်ပင် အလ္လာဟ်အရှင်သည် (ကာဖယ်ရ်) ဖုံးကွယ်သော လူမျိုးတို့အား လမ်းညွှန်တော်မမူချေ။ လို့ ၅း၆၇ မှာ ဆိုထားပါတယ်။
ဒါတွေဟာ ကျွန်တော်တို့ လိုက်နာရမယ့် ဆွန္နတ်တော် အစစ်တွေပါ။ တမန်တော်ကို တကယ်ချစ်ရင်၊ တမန်တော်ရဲ့ ဆွန္နတ်ကို တကယ်မြတ်နိုးရင်– ကျွန်တော်တို့အနေနဲ့ ကိုယ်တော့ထံသို့ တိုက်ရိုက် ချမှတ်ပေးတဲ့ ဝဟီ– ကျမ်းမြတ်ကုရ်အာန်ကို ဆည်းပူးရမယ်။ လိုက်ရမယ်။ အားထုတ်ရမယ်။ အခြားသူများထံသို့ ဖြန့်ဖြူးဝေငှပေးရပါမယ်။– ဒါ ဆွန္နတ်တော် အစစ်ပါ။ ကိုယ်တော်ဟာ ကျမ်းမြတ်ကုရ်အာန်အပြင် အခြားသော မည်သည့် အတွေးအခေါ်– အယူအဆကိုမှ မသွန်သင်ခဲ့ပါ၊– လိုက်နာဘို့လည်း မပြောခဲ့ပါ။ ဒါကိုလည်း– ကျမ်းတော်ရဲ့– ၆၉း ၄၃ က ၅၂ ထိမှ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။

(ကုရ်အာန်သည်) လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ချမှတ်ပေးခြင်း ဖြစ်၏။ (၄၃)

အကယ်၍ သူသည် ငါအရှင်၏ ပြောဆိုခြင်းမှ လုည့်စားပြောဆိုခဲ့လျှင်– (၄၄)

ငါသည် သူ၏ လက်ျာလက်ကို သုတ်ငင်လျှက်– (၄၅)

သူ၏ နှလုံးသွေးကြောကို ဖြတ်တောက်လေလတ္တံ့ (၄၆)

သင်တို့အနက် မည်သူ တစ်ယောက်မျှ ငါ့အား ဆွဲငင်ထားနိုင်မည် မဟုတ်ချေ။ (၄၇)

ကေန်ပင် ဤသည် စည်းစောင့်သူများအတွက် သတိပေးတရားတော်ဖြစ်၏။ (၄၈)

ကေန်ပင် သင်တို့အနက် ငြင်းဆန်သူများ ရှိသည်ကို ငါ ကောင်းစွာ သိနေတော်မူ၏။ (၄၉)

ကေန်ပင် ၎င်း (ကုရ်အာန်)သည် ဖုံးကွယ်သူတို့အတွက် ပူဆွေးရစရာ ဖြစ်၏။ (၅၀)

ကေန်ပင် ၎င်း(ကုရ်အာန်) သည် ပရမတ္ထသစ္စာ ဖြစ်၏ (၅၁)

သို့ဖြစ်၍၊ ကြီးကျယ်လှစွာသော ကံကြမ္မာရှင်၏ ဂုဏ်တော်အား သန့်ရှင်းစင်ကြယ်စွာ ရင့်ကျူးလော့။ (၅၂)

ဒီအာယတ်တော်တွေက– တကယ်လို့ ကိုယ်တော်က ပြောခဲ့ပါတယ်ဆိုတဲ့– သမိုင်းကြောင်းတွေဟာ ကျမ်းမြတ်ကုရ်အာန်ဆိုတဲ့ စံနဲ့ မကိုက်ညီခဲ့ရင်– အဲ့ဒီ သမိုင်းတွေဟာ ကိုယ်တော်မုဟမ္မဒ်ပြောခဲ့တာ မဟုတ်ဘူးလို့ အခိုင်အမာ သက်သေပြနေတာပါ။ ဒါကို အာယတ်တော် (၄၄)မှာ အကယ်၍ သူသည် ငါအရှင်၏ ပြောဆိုခြင်းမှ လုည့်စားပြောဆိုခဲ့လျှင်– ဆိုတဲ့ ဝါကျက ခိုင်ခိုင်မာမာရပ်တည်နေပါတယ်။– ဆိုလိုတာက ဒီနေ့ ကိုယ်တော်မုဟမ္မဒ်ရဲ့ နာမည်ကို ရောင်းစားပြီး မဟုတ်မဟတ် သမိုင်းတွေ အများကြီး ရှိနေတာဟာ– ကိုယ်တော် မုဟမ္မဒ်က ပြောခဲ့တာ မဟုတ်ဘူးဆိုတာကို နားလည်စေဘို့ပါ။– အဲ့ဒါတွေကို ကိုယ်တော်ရဲ့ ဆွန္နတ်တွေ ဖြစ်တယ်လို့– ကျွန်တော်တို့ ညီအစ်ကိုတွေ အများကြီးက ထင်မှတ်နေကြတာတွေရှိပါတယ်။ အဲ့ဒီလို ထင်မှတ်ရာကစ သမိုင်းတွေကိုလိုက် ဂိုဏ်းတွေကွဲ– ကြည့်လို့– ကြားလို့ မကောင်းလောက်အောင် ဖြစ်နေကြတာ– ဝမ်းနည်းစရာပဲ မဟုတ်လား။ ဒါကိုလည်း ကျမ်းတော်က–

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

သူတို့၏သာသနာအား ကွဲပြားစေ၍ ဂိုဏ်းများကို ထူထောင်ကြသော သူတို့သည်၊ အင်အားစုတိုင်းက ထိုဂိုဏ်းသာသနာ၌ ပျော်ပိုက်နေကြ၏။ ၃၀း၃၂ လို့ဆိုထားပါတယ်။ ဘယ်လောက် မှန်ကန်လိုက်ပါသလဲ။ ဆွန္နတ်တော် အစစ်အဖြစ်တဲ့ ကိုယ်တော် လိုက်နာ ကျင့်သုံးခဲ့ရာ ကျမ်းမြတ်ကုရ်အာန်ထက်– သမိုင်းဆရာပြု ဆွန္နတ်တွေကို လိုက်လို့ ဖြစ်ရတာပါ။–

ကိုယ်တော်မုဟမ္မဒ်ကတော့– ဘယ်ဂိုဏ်းရဲ့ ခေါင်းဆောင်မှ မဟုတ်ပါ။– အစ္စလာမ်သာသနာရဲ့ စံပြခေါင်းဆောင်သာ ဖြစ်ပါတယ်။ ဒါကိုလည်း ကျမ်းတော်က–

ကေန်ပင် သူတို့သည် သာသနာအား ဂိုဏ်းအမျိုးမျိုးဖြစ်ရန် ခွဲကြသော သူတို့ ဖြစ်၏။ သင်သည် ထိုသူတို့အထဲမှ လုံးဝ မပါဝင်ချေ။ သူတို့၏ အရေးအရာများသည် အလ္လာဟ်အရှင်၏ တာဝန်သာဖြစ်၏။ သူတို့၏ ကျင့်ကြံမှုများကို သူတို့အား ထုတ်ပြန်ပြသတော်မူမည်။ ၆း၁၅၉ လို့ ဆိုထားပါတယ်။ ဒါကြောင့်–

ကျွန်တော်တို့ထက် ကျမ်းတော်မှ ပိုမို နှံ့စပ်တဲ့ ဆရာသမားကြီးတွေက ပိုပြီးဆင်ခြင်သင့်ပါတယ်။ ဆွန္နတ်တော် အစစ်ကို လိုက်သင့်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် မိမိရဲ့ ယာဉ်ကျေးမှု ထုံးတမ်းအစွဲတွေ၊ သမိုင်းဆရာတို့တိုက်ထားတဲ့ ဝါဒ မှိုင်းမိနေမှုတွေကို ဖယ်ခွာပြီး တမန်တော်မြတ်ရဲ့ ဆွန္နတ်တော် စစ်စစ် လက်တွေ့ ကျင့်ကြံပြခဲ့တဲ့ ကျမ်းမြတ်ကုန်အာန်တည်းဟူသော အလ္လာဟ် ကတိတော်၊ အလ္လာဟ်ကြိုးကို စွဲကိုင်နိုင်အောင် ကြိုးစားရပါမယ်။– ဒီတော့မှ– ကျွန်တော်တို့အားလုံး ဂိုဏ်းကွဲပြင်ခုံရန်ဖြစ်နေခြင်းက လွတ် ကင်းနိုင်ပြီး– ချစ်ခင်ရင်းနှီးတဲ့ လူသားညီနောင် အသိုက်အမြုံကြီးဆီသို့ ဦးတည်နိုင်မှာပါ။–

ဒါကြောင့် ကျွန်တော်တို့တွေအားလုံး တမန်တော်မြတ်ရဲ့ ဆွန္နတ်တော်စစ်စစ်ကို လိုက်နာကြပါစို့–– လို့ ဆန္ဒပြုရင်း၊ ဓမ္မမိတ်ဆွေများအပေါ်သို့ ငြိမ်းချမ်းသာယာမှု ခညောင်းပါစေသော်ဝ်—

ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)၊

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com